ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သမဝါယမနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

လားရှိုးမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၃ - ၂၀၂၄)

(Village Development Project)

ဆုံကွယ်ကျေးရွာအုပ်စု၊ မန်ကုန်းကျေးရွာ

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

မန်ကုန်းကျေးရွာ၊ လားရှိုးမြို့နယ်

(သမဝါယမနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကူညီရေးဆွဲသည်)

၂၀၂၃ခုနှစ်၊ နိုဝင်ဘာလ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၄
	မန်ကုန်းကျေးရွာသယံဇာတပြမြေပုံ၊ လာ:ရှိုးမြို့နယ်	၆
	မန်ကုန်းကျေးရွာရာသီခွင်ပြပြကွဒိန်၊ လာ:ရှိုးမြို့နယ်	၇
	မန်ကုန်းကျေးရွာနှင့်အဖွဲ့အစည်းများ ဆက်စပ်မှုပြမြေပုံ၊ လာ:ရှိုးမြို့နယ်	၈
	အပိုင်း (က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ	
၁။	**တည်နေရာနှင့်ပထဝီဝင်အနေအထား**	၉
၂။	**ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ**	၉
၃။	**လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**	၉
	(က) လူဦးရေဆိုင်ရာအချက်အလက်များ	၉
	(ခ) စီးပွားရေးအခြေအနေ–ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု	၁၀
	(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု	၁၁
၄။	**ဖွံ့ဖြိုးရေးဆိုင်ရာစိမံခန့်ခွဲမှုအခြေအနေ**	၁၁
၅။	**စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**	၁၂
	(က) သီးနှံစိုက်ပျိုးရေး	၁၂
	(ခ) မွေးမြူရေးလုပ်ငန်း	၁၃
	(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ	၁၄
	(ဃ)ရွှေ့ပြောင်းလုပ်သားများ	၁၄
	(င) ကုန်စည်နှင့် ဝန်ဆောင်မှုဈေးကွက်	၁၄
	(စ) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု	၁၅
၆။	**အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ**	၁၅
	(က) ကျေးလက်သယ်ယူပို့ဆောင်ရေး	၁၅
	(ခ) ကျေးရွာမီးလင်းရေး	၁၅
	(ဂ) သတင်းနှင့်ဆက်သွယ်ရေး	၁၅
၇။	**ပညာရေး**	၁၅
၈။	**ကျန်းမာရေး၊ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး**	၁၆
၉။	**ဘေးန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	၁၇

၁၀။	**ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ**	**၁၇**
၁၁။	**ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး**	**၁၇**
၁၂။	**ကျေးရွာတည်ငြိမ်ရေးနှင့်ဘေးကင်းလုံခြုံရေး**	**၁၇**
၁၃။	**ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ**	**၁၈**
	အပိုင်း (ခ) စီမံချက်ဆိုင်ရာအချက်အလက်	
	စီမံချက်အဆိုပြုလွှာ(၁)	၂၀
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၂၂
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၂၃
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၆၁

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၃ခုဘဏ္ဍာရေးနှစ်မှ ၂၀၂၃/၂၀၂၇ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသောကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစုနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံသာမကနည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမကကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွား ရပါမည်။


ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာနအသီးသီးတို့၏ ဆက်လက် ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာအားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့်အကဲဖြတ်ရန်အတွက် ပံ့ပိုး ကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက် မှု အခြေပြဓာတ်စသည်တို့ကိုအဓိကထားဖော်ပြထားပါသည်။


နိုဝင်ဘာလ၊ ၂၀၂၃

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
မန်ကုန်းကျေးရွာ
လားရှိုးမြို့နယ်

မန်ကုန်းကျေးရွာသယံဇာတပြမြေပုံ၊ လားရှိုးမြို့နယ်



မန်ကုန်းကျေးရွာရာသီခွင်ပြပြကွဒိန်၊ လားရှိုးမြို့နယ်


April
May
June
July
August
September
October
November
December
January
February
March

မန်ကုန်းကျေးရွာအဖွဲ့အစည်းများနှင့်ဆက်စပ်မှုပြပုံ၊ လားရှိုးမြို့နယ်



အပိုင်း (က)

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်

ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ

၁။ တည်နေရာနှင့်ပထဝီဝင်အနေအထား

မန်ကုန်းကျေးရွာသည် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးခရိုင်၊ လားရှိုးမြို့နယ်၊ ဆုံကွယ် ကျေးရွာအုပ်စုအတွင်း၌ တည်ရှိပါသည်။ မန်ကုန်းကျေးရွာတွင် ပထဝီအနေအထားအရ တောင်ကုန်း ပေါ်တွင်တည်ရှိပြီး လားရှိုးမြို့၏မြောက်ဘက်တွင် လယ်ယာမြေများနှင့် ပတ်လည်ဝိုင်းလျှက်ရှိသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ကျွန်မတို့ကျေးရွာ၏ ရေမြေရာသီဥတုအနေအထားမှာ တောင်ကုန်းတောင်တန်း/မြေပြန့်များ ဖြင့် ဖွဲ့စည်းထားပြီး ရာသီဥတုမှာ အပူအအေးမျှတမှုရှိပါသည်။ စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ(၂၀)ဧက၊ ယာမြေ/တောင်ယာမြေ(၁၀၁)ဧက၊ စုစုပေါင်း (၁၂၁)ဧကရှိပါသည်။ တောင်ယာ များနှင့် လယ်ကွက်များမှာ ရွာကိုဝိုင်းရံလျှက်ရှိပြီး ကျွဲ၊ နွားတိရစ္ဆာန်များအတွက် စားကျက်မြေများ လည်း အနည်းငယ်ရှိပါသည်။ ကျွန်မတို့ရွာတွင် သစ်တောများအလွန်ပြုန်းတီးသောကြောင့် ဆေးဖက်ဝင်အပင်များ အလွန်နည်းပါးပါသည်။ သဘာဝအတိုင်း တွေ့ရှိနိုင်မှုမရှိပါ။ ကျွန်မတို့ ကျေးရွာတွင် မြစ်ချောင်းကြီးများမရှိပါသဖြင့် ကျောက်၊ သဲ၊ ကျောက်စရစ်များကို မရရှိနိုင်ပါ။

သဘာဝတိရစ္ဆာန်မျိုးစိတ်များ ရှားပါးလှပါသည်။ ကျီး၊ တောက်၊ တောကြက်နှင့်အခြား သတ္တဝါငယ်၊ မြေအောင်းသတ္တဝါများ၊ တွားသွားသတ္တဝါများ၊ တိရစ္ဆာန်များကို တွေ့ရှိနိုင်ပါသည်။ ငှက် အမျိုးအစိတ်များ၊ အမျိုးမျိုးကိုလည်း တွေ့ရှိနိုင်ပါသည်။ လူဦးရေထူထပ်လာခြင်းနှင့်သစ်တော ပြုန်းတီးခြင်းများကြောင့် သဘာဝတိရစ္ဆာန်မျိုးစိတ်များရှားပါးလာကြောင်း ယူဆရပါသည်။

၃။ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

ကျွန်တော်တို့မန်ကုန်းကျေးရွာတွင် ပျမ်းမျှတစ်အိမ်ထောင်လျှင် (၄-၅)ဦးရှိပါ သည်။ လူဦးရေမှာကျား(၂၆၄)ယောက်၊ မ(၂၉၆)ယောက် စုစုပေါင်း(၅၆၀)ယောက်ရှိပါသည်။ နို့စို့အရွယ်ကလေး ကျား(၂)ယောက်၊ မ(၅)ယောက်၊ (၅)နှစ်အောက်ကလေးငယ်မှာ ကျား(၉) ယောက်၊ မ(၁၁)ယောက်၊ မူလတန်းကျောင်းသားအရွယ် ကျား(၁၅)ယောက်၊

မ(၂၀) ယောက်၊ အလယ်တန်းကျောင်းသားအရွယ် ကျား(၁၇)ယောက်၊ မ(၁၅)ယောက်၊ အလုပ် လုပ်နိုင်သည့်အရွယ်မှာကျား (၂၁၁)ယောက်၊ မ(၂၂၅)ယောက်၊ သက်ကြီးရွယ်ကြီးတွင် ကျား (၁၀)ယောက်၊ မ (၂၀)ယောက်ရှိပါသည်။

မွေးကင်းစကလေးများသည် ကျန်းမာသန်စွမ်းကြပါသည်။ ကျွန်မတို့မန်ကုန်းကျေးရွာသည် ကျေးလက်ဆေးပေးခန်းနှင့်နီးသဖြင့် ကလေးများအားလုံး ပုံမှန်ကာကွယ်ဆေးထိုးပါသည်။ မိဘအများစုသည် ၃နှစ်မှ၅နှစ်အထိ ကလေးငယ်များကို မူကြိုကျောင်းမရှိသဖြင့် ၎င်းအစ်ကို၊ အစ်မများ၊ ဘိုးဘွားများကထိန်းကျောင်းပေးပြီး မိဘများကဝမ်းစာအတွက် အလုပ်သွားလုပ်ကြပါသည်။ တချို့မိဘများမှာအိမ်တွင်နေပြီး ကလေးထိန်းရင်း အိမ်မှုကိစ္စများကို လုပ်ကြပါသည်။ ကလေးများသည်(၆)နှစ်မှစ၍ မူလတန်းပညာကို စတင်သင်ယူကြပါသည်။ (၁)မိုင်ခန့်သာကွာဝေးသောကြောင့် ကျောင်းသို့ခြေလျင်ဖြင့် သွားကြပါသည်။ အလုပ်လုပ်နိုင်သောအရွယ်များသည် တောင်ယာ၊ လယ်၊ စက်ချုပ်ခြင်းနှင့်စျေးရောင်းခြင်းတို့ကိုလုပ်ကိုင်ကြပြီး တစ်ချို့သောသူများသည် ပြည်တွင်း၊ ပြည်ပများသို့ သွားရောက်ကာ အလုပ်လုပ်ကိုင်ကြပါသည်။

(ခ) စီးပွားရေးအခြေအနေ-ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့်မမျှတမှု

မန်ကုန်းကျေးရွာသည် လယ်ယာစိုက်ပျိုးရေးကိုသာ အဓိကထားလုပ်ကိုင်ကြပါသည်။ အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းလုပ်ကိုင်သူသည် အရမ်းနည်းပါးပါသည်။ စိုက်ပျိုးရေးအပြင် ကျွဲ၊ နွား၊ ကြက်နှင့်ဝက်တို့ကိုလည်း မွေးမြူကြပါသည်။

ကျွန်တော်တို့ကျေးရွာသည် တောင်ယာစိုက်ပျိုးရေးကို အဓိကလုပ်ကိုင်စားသောက်ကြပါသည်။ လယ်ယာလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ရာတွင် ကျားလုပ်အားခအများဆုံး(၁၅၀၀၀)ကျပ်မှ အနည်းဆုံး(၁၂၀၀၀)ကျပ်ထိရရှိပြီး မလုပ်အားခမှာအများဆုံး (၁၂၀၀၀) ကျပ်မှ အနည်းဆုံး(၁၀၀၀၀)ကျပ်ထိရရှိ လယ်ယာလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ရာတွင် ကျားလုပ်အားခအများဆုံး (၁၅၀၀၀)ကျပ်မှ အနည်းဆုံး(၁၂၀၀၀)ကျပ်ထိ ရရှိပါသည်။ ဆောက်လုပ်ရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ရာတွင် ပန်းရံ/ လက်သမားကျားလုပ်အားခ အများဆုံး(၁၈၀၀၀)ကျပ်မှ အနည်းဆုံး(၁၅၀၀၀)ကျပ်ထိရရှိပြီး မလုပ်အားခအများဆုံးမှာ (၁၅၀၀၀)ကျပ်မှ အနည်းဆုံး (၁၂၀၀၀)ကျပ်ထိရရှိပါသည်။ လယ်ယာလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရာတွင် ကျားလုပ်အားခ အများဆုံး(၁၅၀၀၀)ကျပ်မှ အနည်းဆုံး(၁၂၀၀၀)ကျပ်ထိရရှိပါသည်။

ကျွန်တော်တို့ကျေးရွာသည် တောင်ယာစိုက်ပျိုးရေးကို အဓိကလုပ်ကိုင်စားသောက်ကြသဖြင့် နေ့စားအလုပ်လုပ်ကိုင်သူမရှိပါ။

ကျွန်မတို့မန်ကုန်းကျေးရွာတွင် အဆင်ပြေသောအိမ်ထောင်စုမှာ အုတ်ခုံ၊ သွပ်မိုးအိမ်ဖြင့်နေထိုင်ကြပြီး စီးပွားရေးလုပ်ငန်းမှာ ပြောင်းကိုအဓိကစိုက်ပျိုးပြီး စပါးကိုတစ်ပိုင်တစ်နိုင်စိုက်ပျိုးကြပါသည်။ အလယ်အလတ်ရှိသောအိမ်ထောင်စုမှာ သွပ်မိုးထရံကာအိမ်များဖြင့်နေထိုင်ကြပါသည်။ မပြေလည်သောအိမ်ထောင်စုများမှာ ဝါးအိမ်ဖြင့်နေကြပြီး တစ်နေ့လုပ်တစ်နေ့စားကြံုရာကျပန်းလုပ်ငန်းကို လုပ်ကိုင်ကြပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

ကျွန်မတို့ကျေးရွာတွင် ရွှေ့ပြောင်းတောင်ယာလုပ်ကိုင်ခြင်းနှင့် တောတောင်အတွင်းရှိသစ်ပင်များကိုခုတ်ယူပြီး မီးသွေးများဖုတ်ခြင်းကြောင့် သစ်တောပြုန်းတီးမှုမြင့်ပါသည်။ တောင်ကျရေကြောင့် ရံဖန်ရံခါရေကြီးမှုများရှိတတ်ပါသည်။ စိုက်ပျိုးချိန်တွင် ရာသီဥတုမမှန်ခြင်း၊ မိုးခေါင်ခြင်းများဖြစ်ပေါ်ပါက စိုက်ပျိုးရေမလုံလောက်မှုများရှိလာနိုင်ပါသည်။ သစ်ဝါးများကိုခုတ်ယူသုံးစွဲကျသော်လည်း သစ်ပင်များစိုက်ပျိုးခြင်းမရှိပါ။ မိုးရာသီတွင်ကြိုတင်ကာကွယ်မှုများမရှိခြင်း၊ ခြင်ထောင်ဖြင့်မအိပ်ခြင်းကြောင့် ဒွက်ဖျားရောဂါဖြစ်ပွားမှုအနည်းငယ်ခံစားရလေ့ရှိပါသည်။ သို့သော်ကျန်းမာရေးဌာနမှ ပညာပေးဟောပြောပွဲများ ဆောင်ရွက်ခြင်း၊ ပိုးသတ်ဆေးများဖြန်းပေးခြင်းများကြောင့် ရောဂါဖြစ်ပွားမှုနည်းပါသည်။ မိုးရာသီတွင် မိုးရွာသွန်းမှုကြောင့် လမ်းများချို့ခွက်ဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲပါသည်။ စားဝတ်နေရေးအတွက် အခြားဒေသတို့ ရွှေ့ပြောင်းလုပ်ကိုင်ကြသော်လည်း အလုပ်အာမခံချက်မရှိသောကြောင့် ထိခိုက်လွယ်မှုမြင့်ပါသည်။

ကျေးရွာတွင် လူငယ်များဆိုင်ကယ်ကို စည်းကမ်းမဲ့စွာမောင်းနှင်ခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်း၊ မူးယစ်ဆေးဝါးများအလွယ်တကူဝယ်ယူသုံးစွဲခြင်းကြောင့် ထိခိုက်လွယ်မှုများဖြစ်တတ်သည်။ ကျေးရွာရှိလူငယ်များသည် အလုပ်ကိုင်ရှားပါးခြင်း၊ မူးယစ်ဆေးဝါးအန္တရာယ်တို့ကြောင့်သော်လည်းကောင်း၊ အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့်အိမ်ထောင်စုနှင့် ဆင်းရဲသားတောင်သူတို့သည် သီးနှံစျေးကွက်မရှိခြင်း၊ အလုပ်ကိုင်ရှားပါးခြင်းကြောင့် ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများဖြစ်ပါသည်။

၄။ ဖွံ့ဖြိုးရေးဆိုင်ရာ စိမ်ခန့်ခွဲမှုအခြေအနေ

ကျွန်မတို့မန်ကုန်းကျေးရွာရှိ အုပ်ချုပ်ရေးမှူးအဖွဲ့သည်ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေး အတွက်

အဘက်ဘက်မှပါဝင်ဆောင်ရွက်ပေးသူဖြစ်ပါသည်။ ဆယ်အိမ်မှူးအဖွဲ့မှာ ကျေးရွာ၏ ဒေတာများစုဆောင်းပေးခြင်း၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စများ ဆောင်ရွက်ပေးခြင်း၊ ရပ်မိရပ်ဖအဖွဲ့သည် ဘာသာရေးကိစ္စရပ်များဆောင်ရွက်ပေးပါသည်။ ကျန်းမာရေးအဖွဲ့သည် ကျန်းမာရေးနှင့်ပတ်သက်သော ကိစ္စရပ်များအသိပညာပေးခြင်း၊ ကာကွယ်ဆေးများထိုးနှံပေးခြင်း များကို ပြုလုပ်ပေးပါသည်။ မီးသတ်တပ်ဖွဲ့နှင့်ပြည်သူ့စစ်အဖွဲ့မှာ ရပ်ရွာတွင်းမီးဘေးနှင့်အခြားဘေး အန္တရာယ်များမကျရောက်စေရန် ကာကွယ်ပေးပါသည်။

မန်ကုန်းကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများမရှိပါ။

၅။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

ကျွန်မတို့ မန်ကုန်းကျေးရွာတွင် စိုက်ပျိုးမြေဧကပေါင်း(၁၃၀)ဧကရှိပြီး မစိုက်ပျိုးပဲ ထားသော မြေလွတ်မြေလပ်မရှိပါ။ မန်ကုန်းကျေးရွာ၏ လယ်မြေမြေဆီလွှာ အရည်အသွေး မှာ အသင့်တင့်သာလျှင် ကောင်းမွန်ပါသည်။ မြေဩဇာနိုင်နိုင်ထည့်နိုင်မှသာလျှင် သီးနှံအထွက်နှုန်း ကောင်းမွန်နိုင်ပါသည်။ ယာမြေများလည်း ထိုနည်းဖြင့်ဖြစ်ပါသည်။

ကျွန်မတို့ မန်ကုန်းကျေးရွာတွင် စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်ကြပါသည်။ ပြောင်းနှင့်စပါးကို အဓိကစီးပွားဖြစ်စိုက်ပျိုးကြပါသည်။ မိုးရာသီကိုသာမှီခို၍ တစ်သီးစားသာ စိုက်ပျိုးကြပါသည်။ မြေဆီလွှာအနေအထားမှာ တဖြည်းဖြည်းညံ့ဖျင်းလာသည်ကို တွေ့ရှိရ ပါသည်။ သဘာဝမြေဩဇာများထက် ဓာတ်မြေဩဇာများကို နှစ်စဉ်ဝယ်ယူသုံးစွဲနိုင်ပါသည်။ ယခုနှစ်တွင် ငမြှောင်တောင်ပိုးကဲ့သို့သော ဖျက်ပိုးများကျရောက်သဖြင့် တောင်သူများအတွက် အခက်အခဲတွေ့ကြုံရင်ဆိုင်ရပါသည်။ ထို့အပြင် ပေါင်းဓာတ်၊ ဆေးပိုးသတ်ဆေးများကို ဝယ်ယူ သုံးစွဲရသောကြောင့် သွင်းအားစုသုံးငွေကိုပို၍ အသုံးပြုနေရပါသည်။ တိကျခိုင်မာသော စျေးကွက်မရှိခြင်းသည်လည်း တောင်သူများအတွက် အခက်အခဲရှိပါသည်။ ပြောင်းတစ်ဧက စိုက်လျှင် ပြောင်းစေ့(၃၀)အိတ်ထွက်ရှိပါသည်။ လယ်တစ်ဧကစိုက်လျှင် စပါး(၃၀)အိတ် ထွက်ရှိပါသည်။ ပြောင်းနှင့်စပါးစိုက်ပျိုးသည့်ကာလမှာ မေလမှအောက်တိုဘာလအထိဖြစ်ပြီး အမြတ်ရရှိမှုမှာနည်းပါသည်။ အမြတ်ရရှိနိုင်မှုမှာ သီးနှံစျေးကွက်အလိုက် အတက်အကျပေါ်

မူတည်၍ အမြတ်ရရှိကြပါသည်။ အများအားဖြင့်မှာ ထင်သလောက်အမြတ်မရရှိကြပေ။ မြေယာများသည် မြေဆီမကောင်းသော သီးနှံများစိုက်ပျိုးချိန်တွင် မြေဩဇာများနှင့် စိုက်ရပါသည်။ သီးနှံစိုက်ပျိုးရာတွင် မြေဆီနည်းသောကြောင့် မြေဩဇာ အများအပြားထည့်၍ စိုက်ပျိုးရသဖြင့် အရင်းနှီးများ၍အမြတ်နည်းသည်ကို တွေ့ရှိရပါသည်။ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်အခက်အခဲများမှာ ရာသီဥတုမမှန်ခြင်း၊ မြေဆီလွှာပျက်စီးခြင်း၊ ဖျက်ပိုးနှင့်ရောဂါကျရောက်မှုရှိခြင်းတို့ကြောင့်ဖြစ်သည်။ ချေးငွေမရရှိခြင်းနှင့် စျေးကွက်မရှိခြင်းတို့ကြောင့် စိုက်ပျိုးရေးအတွက် ထိခိုက်မှုရှိနိုင်ပါသည်။

ကျေးရွာတွင် လယ်ယာမြေအကုန်လုံးကို စိုက်ပျိုးနိုင်သောကြောင့် လယ်ယာမြေအသုံးချနိုင်မှုအလွန်ကောင်းပါသည်။ ကျွန်မတို့မန်ကုန်းကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ရန်အတွက် ချေးငွေကို မိတ်ဆွေ၊ အိမ်နီးချင်း၊ ဆွေမျိုးများထံတွင် အတိုးနှုန်း(၁၀%) ဖြင့် ချေးယူရရှိနိုင်ပါသည်။ မိတ်ဆွေအသိများထံမှချေးယူပါက ယုံကြည်မှုဖြင့် အပေါင်ပစ္စည်းမယူဘဲချေးယူရရှိပါသည်။ အချို့မှာစိုက်ပျိုးချိန်အကြွေးယူပြီး သီးနှံရိတ်သိမ်းပြီးသောချိန်တွင် အသီးအနှံသော်လည်းကောင်း၊ ငွေကြေးသော်လည်းကောင်းအကြွေးပြန်ဆပ်ကြပါသည်။ စိုက်ပျိုးရေးအရင်းအမြစ်သည်လည်း အသင့်အတင့်ရှိပါသည်။ ထို့အပြင်ဓာတ်မြေဩဇာနှင့် ဓာတုပိုးသတ်ဆေးများကိုလည်း နီးစပ်ရာပြောင်းဖူးပွဲရုံများထံတွင် ဝယ်ယူရရှိနိုင်ပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

မန်ကုန်းကျေးရွာတွင် မွေးမြူရေးကို အဓိကထားလုပ်ကိုင်ခြင်းမရှိသောကြောင့် တစ်ပိုင်တစ်နိုင်သာ မွေးမြူကြပါသည်။ အိမ်ထောင်စုတစ်စုလျှင် ဝက်ကောင်ရေ(၁၀)ကောင်အများဆုံး မွေးမြူကြပါသည်။ကြွေများကို ကျေးရွာနှင့်နီးစပ်သည့် စားကျက်မြေများတွင် လွတ်ကျောင်း ကြရပါသည်။ ကြက်များကို မိမိအိမ်ခြံဝန်းအတွင်းတွင် မွေးမြူကြပါသည်။ တိရစ္ဆာန်များအတွက် ရောဂါအိမ်ရောက်မှသာ တိုက်ကျွေးကြပါသည်။ ကျွဲမွေးမြူရေးအတွက် သီးခြားချေးငွေဝန်ဆောင်မှုမရှိသော်လည်း မိတ်ဆွေနှင့်ဆွေမျိုးများထံမှ မွေးဖက်ရယူနိုင်ပါသည်။ ကျေးရွာသည် အိမ်တိုင်းနီးပါး အိမ်ခြံဝင်းကျယ်ဝန်းသည့်အတွက် မွေးမြူရေးအတွက် မြေနေရာလုံလောက်မှုရှိပါသည်။ ကျွဲ၊ နွားများနှင့်ကြက်များကို ပွဲစားများသို့လည်းကောင်း၊ ကြက်များကို နမ့်ပေါင်စျေးၭိလည်းကောင်း ရောင်းချနိုင်ပါသည်။ မျိုးကောင်းတိရစ္ဆာန်ဟူ၍ မွေးမြူကြသည်မဟုတ်ဘဲ ကျွဲများကိုသာ မွေးမြူကြပါသည်။ တိရစ္ဆာန်အစာနှင့်ဆေးဝါးများသည် သီးခြားဝယ်ယူရခြင်းမရှိဘဲစားကျက်မြေနှင့် တိုင်းရင်းဆေးရွက်များကိုသာ အသုံးပြု

ကြပါသည်။ တိရစ္ဆာန်များရောဂါဖြစ်ပွားခြင်းနှင့် မွေးမြူရေးနည်းပညာများကို ကျေးရွာအုပ်ချုပ်ရေးမှူးမှတဆင့် တိ/မွေးကုသို့တင်ပြရသဖြင့် ဝန်ဆောင်မှုများကြန့်ကြာခြင်း၊ အလွယ်တကူမရနိုင်ခြင်းများရှိပါသည်။ မျိုးကောင်းမျိုးသန့်နှင့်မွေးမြူရေးအစာ၊ ဆေး များကို ငွေကုန်ကြေးကျခံ၍ ဝယ်ယူရရှိခြင်းများမရှိကြပါ။ မွေးမြူရေးနည်းပညာဝန်ဆောင်မှုများ အလွယ်တကူရရှိလျှင် ကျွန်မတို့ရွာအတွက် အလွန်အဆင်ပြေပြီး ရွာသူ/ရွာသားများအတွက် အလုပ်အကိုင်ရှားပါးမှုပြဿနာကိုဖြေရှင်းနိုင်ပြီး မိသားစုတစ်ကွဲတစ်ပြားဖြင့် ရပ်ဝေးသို့သွား ရောက်၍ စီးပွားရှာစရာမလိုတော့ပါ။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

စိုက်ပျိုးရေးမဟုတ်သော အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းအချို့မှာ မိသားစုများအနေဖြင့် ပန်းရံ၊ လက်သမား၊ နွေစား၊ ကျပန်းစေ့းရောင်းခြင်းလုပ်ငန်းများကိုလည်း လုပ်ကိုင်လျှက်ရှိပါသည်။ ထင်းခုတ်ခြင်း၊ သစ်ဥနှင့်သစ်ဖုရှာဖွေခြင်းလုပ်ငန်းနှင့် ခြံထွက်သီးနှံများ စေ့းသို့သွားရောက်ရောင်းချခြင်း လုပ်ငန်းများမှာ စေ့းကွက်မကောင်းသောကြောင့် လုပ်သားများ ငှားရမ်းရန် မလိုအပ်ပါ။ ကျွန်မတို့ကျေးရွာသည် မဟာဓါတ်အားလိုင်းရှိသောကျေးရွာဖြစ်၍ လျှပ်စစ်မီးအသုံးပြုမှု အဆင်ပြေပါသည်။ ရွာတွင်လက်သမား၊ ပန်းရံလုပ်ငန်းများကို တတ်ကျွမ်းသူ အနည်းငယ်ရှိပါသည်။

ကျွန်မတို့ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကလုပ်ကိုင်ကြပါသည်။ ဒေသထွက်ကုန်များရောင်းချရန် စေ့းကွက်နှင့်အသိအမြင်များမရှိ၍ စေ့းကွက်အခြေအနေကို ကောင်းစွာနားမလည်ပါ။ ကျေးရွာတွင် စက်ရုံ၊ အလုပ်ရုံများမရှိ၍ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်ရန် ရာသီမရွေးလုပ်ငန်းခွင်မရှိဘဲ အလုပ်အကိုင်ရှားပါးပါသည်။ အသက်မွေးဝမ်းကျောင်းပညာနှင့်နည်းပညာဆိုင်ရာဝန်ဆောင်မှုများလည်း လိုအပ်လျှက်ရှိပါသည်။

(ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျွန်မတို့မန်ကုန်းကျေးရွာတွင် ချေးငွေကို ဝုန်းမေတ္တာအဖွဲ့၊ မိတ်ဆွေ၊ အိမ်နီးချင်း၊ ဆွေမျိုးများထံတွင် ချေးယူရရှိနိုင်ပါသည်။ မိတ်ဆွေအသိများထံမှ ချေးယူပါက ယုံကြည်မှုဖြင့် အပေါင်ပစ္စည်းမယူဘဲ ချေးယူရရှိပါသည်။ အချို့မှာစိုက်ပျိုးချိန် အကြွေးယူပြီး သီးနှံရိတ်သိမ်းပြီးသောချိန်တွင် အသီးအနှံသော်လည်းကောင်း၊ ငွေကြေးသော်လည်းကောင်း အကြွေးပြန်ဆပ်ကြပါသည်။

၆။ အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

မန်ကုန်းကျေးရွာတွင် သယ်ယူပို့ဆောင်ရေးအတွက် ဆိုင်ကယ်အသုံးပြုမှုများပါသည်။ သုံးဘီးဆိုင်ကယ်(၃)စီး၊ ကား(၂၉)စီး၊ စက်ဘီး(၁)စီးနှင့်ဆိုင်ကယ်(၇၅)စီးနှင့် ထော်လာဂျီအသုံးပြုကြ (၁၅)စီးရှိပါသည်။ လားရှိုးမြို့သို့သွားရာတွင် လိုင်းကားများကို ပါသည်။

ရွာတွင်းလမ်းမှာ ကျောက်ခဲလမ်းဖြစ်ပြီး ကျေးရွာချင်းဆက်လမ်းမှာ ပြည်ထောင်စုလမ်းမကြီးအား အသုံးပြုကြပါသည်။ အသုံးပြုမှုများသဖြင့် နွေရာသီတွင် ဖုန်ထူထပ်ခြင်း၊ မိုးရာသီတွင် ချိုင့်ခွက်များ၊ ဗွက်များထခြင်းဖြစ်ပေါ်ပါသည်။ ကျွန်မတို့မန်ကုန်းကျေးရွာတွင် မြစ်များ၊ချောင်းများမရှိသောကြောင့် တံတားများမရှိပါ။ ရွာတွင် မြစ်ကြောင်းနှင့်ပင်လယ်ရေကြောင်းမရှိပါသဖြင့် ရေကြောင်းသယ်ယူပို့ဆောင်ရေးမရှိပါ။

(ခ) ကျေးရွာမီးလင်းရေး

ကျေးရွာတွင်လျှပ်စစ်မီးမရှိသဖြင့် ဆိုလာမီးကိုသာ အသုံးပြုကြပါသည်။

(ဂ) သတင်းနှင့်ဆက်သွယ်ရေး

မန်ကုန်းကျေးရွာတွင် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်များကို ဖုန်း(၁၃၆)လုံး၊ ရေဒီယို(၁၀)လုံး၊ တီဗွီ(၄၄)လုံး၊ ဂြိုလ်တုစလောင်း(၂၆)ခုတို့မှရရှိနေပြီး ဆက်သွယ်ရေးဆိုင်ရာ အခက်အခဲများအထူးတလည်မရှိပေ။ အသိပညာ၊အတတ်အပညာများရရှိရန်အတွက် ရေဒီယို၊ တီဗွီ၊ ဂြိုလ်တု၊ စလောင်းစသည်တို့ကို ဝယ်ယူသုံးစွဲကြပါသည်။

၇။ ပညာရေး

ကျေးရွာတွင် မူလတန်းအဆင့်စာတတ်မြောက်မှုနှုန်းများနေပါသည်။ အဘယ်ကြောင့်ဆိုသော် တစ်ချို့အိမ်ထောင်စုများသည် ဝင်ငွေနည်းသောကြောင့် အလယ်တန်းဆက်မတက်နိုင်တော့ဘဲ ကျောင်းထွက်အလုပ်လုပ်ကြပါသည်။ ကျေးရွာတွင် လက်ရှိပညာသင်ကြားနေသော ကျောင်းသား/သူနည်းရခြင်းမှာ မိဘများသည်စားဝတ်နေရေးအခက်အခဲကြောင့် ပညာရေးကိုဦးစားမပေးနိုင်ကြပါ။ စာသင်ကျောင်းနှင့် ကျေးရွာကွာဝေးခြင်း၊ မိဘများ၏စာပေဗဟုသုတနည်းခြင်းကြောင်ငင်း ကျောင်းတက်ရောက်မှုကျဆင်းရခြင်းဖြစ်ပါသည်။ ကျောင်းသုံးပရိဘောဂလုံလောက်မှုနည်းပြီး အိမ်သာလုံခြုံမှုရှိပါသည်။ ကျောင်းဆရာမဦးရေမှာ အစိုးရခန့်(၅)ဦးသာရှိသည်။ ကျွန်မတို့နားတွတ် ကျေးရွာတွင် စာမတတ်သူဦးရေများပါသည်။ အများစုမှာ ရှမ်းလူမျိုးများဖြစ်ပြီး ဗမာစကားကို ကောင်းမွန်စွာမတတ်မြောက်ခြင်းကြောင့် ပညာသင်ယူရာတွင်ခက်ခဲသဖြင့် မြန်မာစာမတတ်ကြပါ။ မိဘများမှ အစိုးရကျောင်းမတက်သောကြောင့် သားသမီးများအားစာပြပေးရန် အခက်အခဲများစွာရှိ

ပါသည်။ အများစုမှာပညာရေးဦးစားမပေးခြင်းကြောင့် စာမတတ်သည့်ဦးရေများပြားလာရခြင်းဖြစ်ပါသည်။ ကျွန်မတို့မန်ကုန်းကျေးရွာရှိ ကလေးငယ်များသည် ဘာသာစကားကောင်းမွန်စွာ မပြောတတ်ခြင်း၊ မိဘများမှ ပညာရေးအားပေးအားမြောက်မှုမရှိခြင်းကြောင့် ကျောင်းသား/ကျောင်းသူဦးရေမရှိသလောက်နည်းပါးပါသည်။ အမိုး၊ နံရံ၊ အခင်းသည် အရည်အသွေးကောင်းမွန်ပြီး ကျောင်းသုံးပရိဘောဂသည်လည်း လုံလောက်မှုရှိပါသည်။ ကျောင်းအိမ်သာသည်လည်း ယင်လုံအိမ်သာဖြစ်သောကြောင့် ကျောင်း၏ကလေးများ ကျန်းမာရေးအတွက်ကောင်းမွန်ပါသည်။

ကျွန်မတို့မန်ကုန်းကျေးရွာတွင် စားဝတ်နေရေးအနည်းငယ်ချောင်လည်သော မိသားစုများသာ ကျောင်းထားကြသဖြင့် ကျောင်းစရိတ်မတတ်နိုင်မှုနည်းပါးပါသည်။ ကျောင်းအားကစားဆိုင်ရာ ပစ္စည်းများမှာပညာရေးဌာနမှ ထောက်ပံ့ပေးထားသောပစ္စည်းများသာတွေ့ရပါသည်။ မိဘဆရာအခန်းကဏ္ဍာတွင် တစ်နှစ်လျှင် (၂)ကြိမ်သာတွေ့ဆုံကြပါသည်။

၈။ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျွန်မတို့မန်ကုန်းကျေးရွာတွင် အများအားဖြင့် သွေးလွန်တုပ်ကွေးရောဂါ ၊ ဆီးချိုရောဂါများသာ အဖြစ်များပါသည်။ ရေတွင်းလှောင်ကန်များတွင် ကျန်းမာရေးဆရာမများမှ ပိုးသတ်ဆေးခတ်ခြင်းများဆောင်ရွက်ပေးသောကြောင့် ရောဂါပြန့်ပွားမှုနည်းပါသည်။ သွေးတိုး၊ ဆီးချိုရောဂါ များလည်း စစ်ဆေးပေးပါသည်။ ကျွန်မတို့မန်ကုန်းကျေးရွာတွင် ကာကွယ်ဆေးများကို (၃)လတစ်ကြိမ်၊ (၆)လတစ်ကြိမ်ပုံမှန်ထိုးနှံပေးပါသည်။ ကျန်းမာရေးဝန်ကြီးဌာနမှချထားပေးသော ကာကွယ်ဆေးတိုင်းထိုးနှံပေးပါသည်။ လားရှိုးပြည်သူ့ဆေးရုံကြီးနှင့် အခြားပုဂ္ဂလိကဆေးရုံ/ဆေးခန်းများသို့လည်း သွားရောက်ကုသမှုခံယူကြပါသည်။

ကျွန်မတို့ကျေးရွာ၌ ယခင်ကအဝီစိတွင်းမရှိသောကြောင့် စိမ့်စမ်းရေကိုအသုံးပြုကြရပြီး နွေနှင့်ဆောင်းကာလတွင် သောက်သုံးရေကောင်းသော်လည်း မိုးရာသီတွင် မိုးရေများများစွာ စီးဆင်းမှုကြောင့် ရေနောက်ပြီးသောက်သုံးရန်အတွက် များစွာအခက်အခဲရှိခဲ့ပါသည်။ စိုက်ပျိုးရေးအတွက် မိုးရေကိုသာ အဓိကအားထားနေရပါသည်။ အကယ်၍ စိုက်ပျိုးရေးအတွက် ချောင်းများမှ ဆည်များတည်ဆောက်လျှက်မြေရရှိနိုင်လျှင် နွေမိုးဆောင်း စိုက်ပျိုးနိုင်မည်ဖြစ်ပါသည်။ ဝင်ငွေများနှင့် အလုပ်အကိုင်အခွင့်အလမ်းမှာလည်း ပိုမိုတိုးတက်လာနိုင်မည်ဖြစ်ပါသည်။ ကျွန်မတို့ကျေးရွာတွင် အများအားဖြင့် အိမ်တိုင်းနီးပါးသန့်ရှင်းသော ရေလောင်းယင်လုံ အိမ်သာကိုသာ သုံးစွဲကြပါသည်။

၉။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

မန်ကုန်းကျေးရွာသည် စိုက်ပျိုးရေးကိုလုပ်ကိုင်သောရွာဖြစ်သောကြောင့် စိုက်ပျိုးသည့်အချိန်တွင် အထွက်နှုန်းတိုးရန်အတွက် ဓာတ်မြေဩဇာများကို တစ်နှစ်ထက်တစ်နှစ်ပို၍ ထည့်သုံးရပါသည်။ ထို့ကြောင့်မြေဆီဩဇာသည် အလွန်ပင်ပျက်စီးပါသည်။ ကျွန်မတို့ရွာသည် သစ်တောသစ်ပင်မပြုန်းတီးအောင် နှစ်စဉ်နှစ်တိုင်းအပင်ငယ်များကို စိုက်ပျိုးခြင်းမရှိပါ။ ရွာတွင် ဖျက်ပိုးနှင့်ရောဂါကာကွယ်ထိန်းချုပ်မှုကို လေ့လာသင်ယူသည့်သူမရှိသလောက် နည်းပါးပါသည်။ သစ်ပင်များခုတ်လှဲမှုများ၍ သဘာဝအပင်မျိုးစိတ်များပြုန်းတီးမှုများသောကြောင့် အပင်မျိုးစိတ်များပျက်သုန်းမှုအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသည်။ ဖျက်ပိုးများ ၊ ခရုများကျရောက်သည့်အချိန်တွင် နည်းပညာအကူအညီများ မရယူဘဲ နီးစပ်ရာအချင်းချင်း(သို့မဟုတ်) မိမိအစီအစဉ်ဖြင့်သာ ပိုးသတ်ဆေးများဖြန်း၍ နှိမ်နှင်းကြပါသည်။ စိမ့်စမ်းရေကို အဓိကသုံးစွဲကြသဖြင့် မိုးရာသီ၌ ရေကြီးမှုနှင့်ရေတိုက်စားမှုများကြောင့် ရေတားတမံများ ပျက်စီးခြင်း၊ မြေပြိုခြင်းများဖြစ်နိုင်ပါသည်။ အမှိုက်သရိုက်များကို စည်းကမ်းမဲ့စွာ ချောင်းမြောင်းထဲတွင် စွန့်ပစ်ကြပါသည်။ အချို့အိမ်များသည် အမှိုက်များကို မီးရှို့ဖျက်ဆီးကြပါသည်။ အမှိုက်များကို စနစ်တကျကျင်းတူးပြီး စွန့်ပစ်သည့်အလေ့အထများမရှိပါ။

၁၀။ ကျား၊ မ ရေးရာကိစ္စရပ်ဆိုင်ရာ

ကျွန်မတို့ မန်ကုန်းကျေးရွာတွင် ကျေးရွာအုပ်ချုပ်မှုစနစ်နှင့် လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် အမျိုးသမီးများပါဝင်ခွင့်ရှိပါသည်။ သို့သော်လည်း ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများပါဝင်မှု၊ ခေါင်းဆောင်မှုအားနည်းကြောင်း လေ့လာတွေ့ရှိရပါသည်။ အမျိုးသမီးများဏ၏အခွင့်အရေးမှာ အမျိုးသားများနှင့်နှိုင်းစာလျှင် ရိုးရာယဉ်ကျေးမှုအရ အမျိုးသားများကသာအိမ်ထောင်ကိုဦးစီးကြပါသည်။ အမျိုးသမီးအများစုမှာ လုပ်ငန်းခွင်နှင့်အိမ်မှုကိစ္စ၊ သားသမီး၊ မိသားစုအရေးများအတွက်ဖြင့်သာ အချိန်ကုန်မြှုပ်နှံထားသောကြောင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်အဖွဲ့အစည်းများတွင် အမျိုးသမီးအနည်းငယ်သာပါဝင်နိုင်မှုရှိကြောင်း တွေ့ရှိရပါသည်။ ပတ်ဝန်းကျင်မြို့ပြနှင့်ဗဟုသုတဝေးကွာနည်းပါးလှပါသည်။ အမျိုးသမီးအများစုမှာ အုပ်ချုပ်ရေးအပိုင်းတွင် စိတ်ဝင်စားမှုအလွန်နည်းပါးလှပါသည်။ သာရေး/နာရေး၊ ချက်ပြုတ်ရေးကိစ္စများတွင် အမျိုးသားများထက်ပို၍ စွမ်းဆောင်နိုင်ပါသည်။ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုမှာ နည်းပါးပါသည်။

၁၁။ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

လူငယ်များသည် ဖွံ့ဖြိုးရေးလုပ်ငန်း၊ လူမှုရေး ၊ ဘာသာရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ကူညီဆောင်ရွက်ပေးပါသည်။ အားကစားနှင့်ကာယလေ့ကျင့်ခန်းများ ပြုလုပ်ရန်နေရာနှင့် အထောက်အကူပစ္စည်းများမရှိပါ။ မိမိတို့၏ရိုးရာစာပေများကို နွေရာသီကျောင်းပိတ်ရက်တွင် သင်ကြားပေးလျက်ရှိပါသည်။ ရိုးရာဓလေ့များထိန်းသိမ်းခြင်း၊ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်မှုများတွင် တက်ကြွစွာပါဝင်မှုများလည်းရှိပါသည်။ သင်ယူလေ့လာနိုင်ရန် စိတ်ဝင်စားစရာများနေရာ၊ စာကြည့်တိုက်များရှိပါသည်။

၁၂။ ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး

ကျေးရွာတည်ငြိမ်ရေးနှင့်ဘေးကင်းလုံခြုံရေးကို အုပ်ချုပ်ရေးပိုင်းမှ ဦးဆောင်စီမံခန့်ခွဲ လျက်ရှိပါသည်။ ကြိုတင်ဖွဲ့စည်းတာဝန်ပေးထားသော အဖွဲ့အစည်းများမရှိပါ။ စက်ဘီးခိုးမှု၊ အစားခြောက်ခိုးမှုစသည့်ဖြစ်စဉ်များ အနည်းငယ်ရှိပါသည်။ မူးယစ်ဆေးဝါးများအလွယ်တကူ ဝယ်ယူသုံးစွဲနိုင်သောကြောင့် မူးယစ်ဆေးဝါးသုံးစွဲမှုအနည်းငယ်ရှိပါသည်။ လူကုန်ကူးမှုနှင့်အမျိုးသမီး များအား အကြမ်းဖက်မှုများမရှိပါ။

အပိုင်း (ခ)

စီမံချက်ဆိုင်ရာ အချက်အလက်များ

၁၃။ ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ

စဉ်	စီမံချက် (Project)	ဦးစားပေး အဆင့်	၂၀၂၂	၂၀၂၃	၂၀၂၄	၂၀၂၅	၂၀၂၆
၁	ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း	၁	Â	Â			
၂	ရေပိုက်လဲလှယ်ခြင်းလုပ်ငန်း	၂		Â	Â		
၃	ကျန်းမာရေးအသိပညာပေးသင်တန်းဖွင့်လှစ်ဆောင်ရွက်လိုခြင်း	၃		Â	Â	Â	
၄	အပ်ချုပ်စက်သင်တန်းဖွင့်လှစ်ဆောင်ရွက်လိုခြင်း	၄	Â	Â	Â		
၅	မတည်လည်ပတ်ရန်ပုံငွေရရှိလိုခြင်း	၅	Â	Â	Â	Â	Â

အပိုင်း (ခ)

စီမံချက်ဆိုင်ရာအချက်အလက်များ

စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (၁) မန်ကုန်းကျေးရွာ

ကျေးရွာ	- မန်ကုန်းကျေးရွာ
ကျေးရွာအုပ်စု	- ဆုံကွယ်ကျေးရွာအုပ်စု
မြို့နယ်	- လားရှိုးမြို့နယ်
တိုင်းဒေသကြီး / ပြည်နယ်	- ရှမ်းပြည်နယ်(မြောက်ပိုင်း)
စီမံချက်အမည်- ကွန်ကရစ်ခင်းခြင်းလုပ်ငန်း	
စီမံချက်ဆောင်ရွက်ရန်လိုအပ်ကြောင်းရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ • ကျေးရွာလမ်းတွင်ဗွက်များ၊ချိုင့်များဖြစ်နေသောကြောင့်ရွာသူ/သားများ၊ကျောင်းသူ/သားကျောင်းသွားကျောင်းပြန်ရာတွင်၄င်း၊သွားလာရာတွင်အခက်အခဲများရှိပါသည်။ • စီးပွားရေးအတွက်ရောင်းဝယ်ဖောက်ကားရာတွင်အခက်အခဲများဖြစ်စေပါသည်။	
စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအားပိုကောင်းအောင်ဆောင်ရွက်လိုသည့်ဆန္ဒဖော်ပြရန်) • မိုးတွင်းကာလမိုးကြီးသည့်အခါများတွင်ဗွက်များ၊ချိုင့်များမရှိစေရန်၊ • ကျောင်းသားကျောင်းသူများပညာသင်ယူမှုတွင်သွားလာရအဆင်ပြေစေရန်၊	
မျှော်မှန်းအကျိုးရလဒ် **(လက်ငင်းရည်ရွယ်ချက်ရောက်ရှိပြီးနောက်ထပ်ဆင့်ရရှိလာမည့်အကျိုးကျေးဇူးများ)** • လမ်းကောင်းမွန်မှုကြောင့်လူနေမှုအဆင့်အတန်းမြင့်မားတိုးတက်လာမည်။ • ကျောင်းသား/ကျောင်းသူများပညာသင်ယူမှုအဆင့်အတန်းမြင့်မားတိုးတက်လာမည်။ • လမ်းကောင်းမွန်မှုကြောင့်စီးပွားရေးရောင်းဝယ်မှုပိုမိုအဆင်ပြေလာမည်။ • ကျေးရွာလည်းယခင်ကထက်ပိုမိုတိုးတက်လာပါမည်။	
စီမံချက်ဆိုင်ရာအချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ဘယ်လောက်ပမာဏလုပ်ရမည်) • ကျေးရွာလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း(၅၀၀'× ၁၂'× ၆") **စီမံချက်ကုန်ကျစရိတ်ထည့်ဝင်မှု**	

ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့်အစီအစဉ်
• ၁၀၀၀၀၀၀၀(ငွေသား)	• ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

• ၈၂၀၀၀၀(ငွေသား) • ××××××××(ပစ္စည်း/လုပ်အား)	• ကျေးရွာ • ကျေးရွာ

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှုအဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၂၇၀	၃၀၁	၅၇၁	၈	၁၄	၂၃	၁၇	၆၂
အကျိုးခံစားမည့်သူဦးရေ	၂၇၀	၃၀၁	၅၇၁	၈	၁၄	၂၃	၁၇	၆၂
မှတ်ချက်။ချောင်လည်အဆင့်-၁၊အလယ်အလတ်အဆင့်-၂၊ဆင်းရဲ-၃၊အလွန်ဆင်းရဲ-၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် နှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ) • မန်ကုန်းကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း - ၁.၁၀.၂၀၂၃
(၃) စီမံချက်ပြီးစီးမည့်အချိန် - ၃၁.၁၀.၂၀၂၃
(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် - • ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာလုံးကျွတ် အစည်းအဝေးခေါ်ယူပြီး လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာတိုင်ပင်ဆွေးနွေးပါမည်။ • လမ်းခင်းရာတွင် ကျေးရွာမှ လုပ်အားထည့်ဝင်ပါမည်။ • လိုအပ်ပါက ပစ္စည်းထည့်ဝင်ပါမည်။

(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီ အစဉ်များ

- လုပ်ငန်းများ ကောင်းမွန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဆင့် အလိုက် ကျေးရွာလူထုအား အစည်းအဝေးခေါ်ယူပြီး ဆွေးနွေးတိုင်ပင်ပါမည်။
- လုပ်ငန်းများ အကောင်အထည်ဖော်ပြီးပါကလည်း လုပ်ငန်းပြီးဆုံးမှု အလွဲအပြောင်း လုပ်ဆောင်ခြင်းနှင့် ဖွင့်လှစ်ပွဲလုပ်ဆောင်ပါမည်။
- လမ်းပြုပြင်မှုနှင့် ပတ်သက်၍ရေရှည်တည်တံ့စေရေးအတွက် စည်းမျဉ်းစည်းကမ်းနှင့် ညွှန်ကြားချက်များထားရှိပါမည်။
- လမ်းပြုပြင်မှုအားမပျက်စီးအောင်ကျေးရွာသူ/ကျေးရွာသားများအားလုံးထိန်းသိမ်းသွားပါမည်။
- လမ်းအခြေအနေအား ရေရှည်ကောင်းမွန်ခိုင်ခံ့စေရေးအတွက် လိုအပ်သော ပြုပြင်ထိန်းသိမ်းမှု လုပ်ငန်းများကို အစီအစဉ်ရေးဆွဲပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဦးဆောင်၍ လုပ်ဆောင်သွားပါမည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင်များစာရင်း

ဆုံကွယ်ကျေးရွာအုပ်စု၊ မန်ကုန်းကျေးရွာ

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးမောင်ထွန်း	ဦးစိုင်းလူ	၁၃/လရန(နိုင်)၁၃၉၅၅၆	၄၀	ဥက္ကဋ္ဌ	၀၉-၂၅၉၁၃၄၉၇၀
၂	ဦးအိုက်ခမ်း	ဦးအိုက်စိုင်း	၁၃/လရန(နိုင်)၁၅၂၄၄၇	၄၅	အဖွဲ့ဝင်	၀၉-၂၆၀၄၆၈၂၆၃
၃	ဒေါ်နန်းစိန်ထွန်း	ဦးကျန်အောင်	၁၃/လရန(နိုင်)၂၀၈၄၈၇	၃၅	စာရင်းကိုင်	၀၉-၆၈၁၅၆၀၀၉၀
၄	ဦးအိုက်မြင့်	ဦးဆန်ကွယ်	၁၃/လရန(နိုင်)၂၀၈၅၄၉	၂၉	ဘဏ္ဍာရေးမှူး	၀၉-၆၆၄၆၄၄၄၂၀
၅	ဒေါ်နန်းကြွေအောင်	ဦးအိုက်လိတ်	၁၃/လရန(နိုင်)၁၀၁၃၉၇	၃၈	သော့ကိုင်	၀၉-၆၆၀၈၃၂၅၃၃၇
၆	ဦးအိုက်ခင်း	ဦးအိုက်ဖေ	၁၃/လရန(နိုင်)၁၅၂၄၄၆	၃၉	သော့ကိုင်	၀၉-၂၆၅၃၅၅၆၆၉၄
၇	ဒေါ်နန်းအောင်လူ	ဦးဆန်ကော်	၁၃/လရန(နိုင်)၂၀၈၄၇၈	၂၅	အတွင်းရေးမှူး	၀၉-၇၇၁၆၈၆၇၅၈

ဝယ်ယူရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးမောင်ထွန်း	ဦးစိုင်းလူ	၁၃/လရန(နိုင်)၁၃၉၅၅၆	၄၀	ဥက္ကဋ္ဌ	၀၉-၂၅၉၁၃၄၉၇၀
၂	ဒေါ်နန်းစိန်ထွန်း	ဦးကျန်အောင်	၁၃/လရန(နိုင်)၂၀၈၄၈၇	၃၅	စာရင်းကိုင်	၀၉-၆၈၁၅၆၀၀၉၀
၃	ဦးအိုက်မြင့်	ဦးဆန်ကွယ်	၁၃/လရန(နိုင်)၂၀၈၅၄၉	၂၉	ဘဏ္ဍာရေးမှူး	၀၉-၆၆၄၆၄၄၄၂၀

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	မသန်စွမ်းသူ အရေအတွက်	
					ကျား	မ
၁ နှစ် အောက်	နို့စို့အရွယ်	၂	၅	၇		
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၉	၁၁	၂၀		
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၁၅	၂၀	၃၅		
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၁၇	၁၅	၃၂		
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၂၁၁	၂၂၅	၄၃၆		
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၁၀	၂၀	၃၀		
စုစုပေါင်း		**၂၆၄**	**၂၉၆**	**၅၆၀**		
စုစုပေါင်း အိမ်ထောင်စု		**၆၂**				

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့်အရွယ်နှင့်၎င်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ကျွန်တော်တို့မန်ကုန်းကျေးရွာတွင် ပျမ်းမျှတစ်အိမ်ထောင်လျှင် (၄-၅)ဦးရှိပါသည်။ လူဦးရေမှာ ကျား(၂၆၄)ယောက်၊ မ (၂၉၆) ယောက် စုစုပေါင်း(၅၆၀)ယောက်ရှိပါသည်။ နို့စို့အရွယ်ကလေး ကျား(၂)ယောက်၊ မ (၅)ယောက်၊ (၅)နှစ်အောက်ကလေးငယ်မှာ ကျား(၉)ယောက်၊ မ(၁၁)ယောက်၊ မူလတန်းကျောင်းသားအရွယ် ကျား(၁၅)ယောက်၊ မ(၂၀)ယောက်၊ အလယ်တန်းကျောင်းသားအရွယ် ကျား(၁၇)ယောက်၊ မ(၁၅)ယောက်၊ အလုပ်လုပ်နိုင်သည့်အရွယ်မှာကျား (၂၁၁) ယောက်၊ မ(၂၂၅) ယောက်၊ သက်ကြီးရွယ်ကြီးတွင် ကျား(၁၀)ယောက်၊ မ (၂၀)

ယောက်ရှိပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
စိုက်ပျိုးစီးပွား လုပ်ငန်းများ								
၁	**လယ်ယာစိုက်ပျိုးရေး**							
	ကိုယ်ပိုင်လုပ်ငန်း	၃၈	၄၀	၁၇	၄၀			မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁၈	၁၈	၄	၁၈			မြင့် ☐ လတ်☑ နိမ့် ☐
၂	**တိရစ္ဆာန် မွေးမြူရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၄	**သစ်တောလုပ်ငန်း**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ								
၅	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၆	ထုတ်ကုန်လုပ်ငန်း							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၇	လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၈	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၉	ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၀	ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အင်္ဂါချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)							
	ကိုယ်ပိုင်လုပ်ငန်း	၁	၁		၁			မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၁	လက်လီ- လက်ကား ရောင်းဝယ်ရေး							

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	ကိုယ်ပိုင်လုပ်ငန်း	၅	၉		၆	၃		မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၇	**ပညာရေး**							
	ကိုယ်ပိုင်							မြင့် ☐ လတ်☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီး ဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	လုပ်ငန်း							နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၈	**ကျန်းမာရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**							
	ကိုယ်ပိုင် လုပ်ငန်း							☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား							
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
	စုစုပေါင်း	၆၂	၆၈	၂၁	၆၅	၃		☒

ရင်းမြစ် ... (၁) **အိမ်ထောင်စုစာရင်းကောက်ယူမှု**၊ (၂) **ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး**။

မှတ်ချက်။။"**အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ**"အရေအတွက်တွင်**"မိသားစုဝင်လုပ်အား"ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ "**ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)**" ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ ဥပမာ - "**စိုက်ပျိုးရေး**" ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု "**မြင့်**"ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း

တစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ မန်ကုန်းကျေးရွာသည် လယ်ယာစိုက်ပျိုးရေးကိုသာ အဓိကထားလုပ်ကိုင်ကြပါသည်။ အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းလုပ်ကိုင်သူသည် အရမ်းနည်းပါးပါသည်။ စိုက်ပျိုးရေး အပြင် ကျွဲ၊ နွား၊ ကြက်နှင့်ဝက်တို့ကိုလည်း မွေးမြူကြပါသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၁၅၀၀၀	၁၂၀၀၀	၁၂၀၀၀	၁၀၀၀၀
၂	တိရိစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၈၀၀၀	၁၅၀၀၀	၁၅၀၀၀	၁၂၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကားရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူစသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာသည် တောင်ယာစိုက်ပျိုးရေးကို အဓိကလုပ်ကိုင်စားသောက်ကြပါသည်။ လယ်ယာလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရာတွင် ကျားလုပ်အားခအများဆုံး (၁၅၀၀၀)ကျပ်မှ အနည်းဆုံး (၁၂၀၀၀)ကျပ်ထိရရှိပြီး မလုပ်အားခမှာအများဆုံး (၁၂၀၀၀)ကျပ်မှ အနည်းဆုံး(၁၀၀၀၀)ကျပ်ထိရရှိ လယ်ယာလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရာတွင် ကျားလုပ်အားခအများဆုံး (၁၅၀၀၀)ကျပ်မှအနည်းဆုံး (၁၂၀၀၀)ကျပ်ထိရရှိပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရာတွင် ပန်းရံ / လက်သမားကျားလုပ်အားခအများဆုံး (၁၈၀၀၀)ကျပ်မှ အနည်းဆုံး(၁၅၀၀၀)ကျပ်ထိရရှိပြီး မလုပ်အားခအများဆုံးမှာ (၁၅၀၀၀)ကျပ်မှ အနည်းဆုံး

(၁၂၀၀)ကျပ်ထိရရှိ လယ်ယာလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရာတွင် ကျားလုပ်အားခအများဆုံး (၁၅၀၀) ကျပ်မှ အနည်းဆုံး (၁၂၀၀)ကျပ်ထိရရှိပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	**ဧရိယာ (ဧက)**	**မြေဆီလွှာအရည်အသွေး**(မှန်ရာတစ်ခုကိုသာရွေးရန်)		
လယ်မြေ	၈၆	ကောင်း ☐	သင့်☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၅၄	ကောင်း ☐	သင့်☑	ညံ့ ☐
ဥယျာဉ်ခြံမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ခနိတောမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ်မြေလပ်		ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	**၁၄၀**	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊(၄)ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာ၏ မြေယာပိုင်ဆိုင်မှုမှာ လယ်(၈၆)ဧကနှင့် ယာ(၅၄)ဧကပိုင်ဆိုင်ပါသည်။ မြေဆီလွှာအရည်အသွေးမှာ အတော်အသင့်ကောင်းမွန်ပြီး ဓါတ်မြေဩဇာနိုင်နိုင်ထည့်မှသာ သီးနှံအထွက်နှုန်းတိုးပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	**ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာရွေးရန်)	**အသုံးချနိုင်မှု** (မှန်ရာတစ်ခုကိုသာရွေးရန်)	**လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ**(မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
ကျောက်၊သဲ၊ကျောက်စရစ်	များ ☐ သင့်☐ နည်း	လွယ် ☐	လျော့ ☐ တိုး

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
စသည်များ	☐မရှိ ☑	ခက်☐အသုံးမပြုနိုင်ပါ ☐	☐အပြောင်းအလဲမရှိ ☐
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့်☐ နည်း ☑ မရှိ ☐	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑	လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☐ နည်း ☑ မရှိ ☐	☒	လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐
ရေ - မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း)	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
ရေ - မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊ လက်တူးတွင်း)	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
သစ်တော - အပူပိုင်းသစ်တော	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
သစ်တော - ဒီရေတောများ	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့မန်ကုန်းကျေးရွာတွင် သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများမရှိပါ။ ရွာ၏ အနီးအနားပတ်ဝန်းကျင်တွင် ကျောက်၊ သဲ အနည်းငယ်သာတွေ့ရှိပြီး သဘာဝအပင်နှင့်တိရိစ္ဆာန်မျိုးစိတ်များအနည်းငယ်သာရှိသည်။ သစ်တောများမှာ ထင်းခုတ်သူများပြားသဖြင့် ပြုန်းတီးမှုများပါသည်။ ထို့ကြောင့် တစ်ခါတစ်ရံ ရာသီဥတုဖောက်ပြန်မှုများရှိပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	**များ**	**အသင့်အတင့်**	**နည်း**	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	**အလွန်ကောင်း**	**အသင့်အတင့် ကောင်း**	**ညံ့**	**အလွန်ညံ့**
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု	**များ**	**အသင့်အတင့်**	**နည်း**	**မရှိ**
အဓိကစီးပွားရေး လုပ်ငန်း	**စီးပွား** (ဝင်ငွေ) **အလွန်ကောင်း**	**စီးပွား** (ဝင်ငွေ) **အသင့်အတင့်**	**စီးပွား** (ဝင်ငွေ) **နည်း**	**စီးပွား** (ဝင်ငွေ) **အလွန်နည်း**

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသော အိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သော အိမ်ထောင်စု
အိမ်ထောင်စု	၈	၁၄	၂၃	၁၇

ရင်းမြစ် ... (၁) **ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။**

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့မန်ကုန်းကျေးရွာသည် မြေယာပိုင်ဆိုင်မှုများပါသည်။ အလယ်အလတ်ရှိသော အိမ်ထောင်စုများပြီး မပြေလည်သောအိမ်ထောင်စုအနည်းငယ်သာရှိပါသည်။ အဓိကစီးပွားရေးမှာ စိုက်ပျိုးရေးဖြစ်ပါသည်။ အလယ်အလတ်ရှိသော အိမ်ထောင်စုမှာ (၃၇)အိမ်ရှိပြီး အဆင်ပြေသော အိမ်ထောင်စုမှာ (၈)အိမ်ရှိပါသည်။ အလွန်မပြေလည်သော အိမ်ထောင်စုမှာ (၁၇)အိမ်ရှိပြီး မုဆိုးဖို၊ မုဆိုးမနှင့် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများဖြစ်ကြပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက် ဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၃လနှင့်ဖြလကြား ဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
ဖြလမှ၁၂လအထိ ဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
			လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။။

(c-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖခင်နှစ်နှင့်အထက်			
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်			
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု			
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု			
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု			

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။

(c-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	မြစ်ရေကြီးမှု	Â			Â		
၂	လျှပ်တပြတ်ရေကြီးခြင်း	Â			Â		
၃	မုန်တိုင်းဒီရေ	Â			Â		
၄	ဆူနာမီ	Â			Â		
၅	တိုင်ဖုန်းမုန်တိုင်း	Â			Â		

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
၆	လေဆင်နှာမောင်း	Â			Â		
၇	ငလျင်	Â			Â		
၈	အပူလှိုင်း	Â			Â		
၉	စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု	Â			Â		
၁၀	အအေးလှိုင်း	Â			Â		
၁၁	မိုးသီးကြွေကျမှု	Â			Â		
၁၂	မိုးခေါင်ခြင်း	Â			Â		
၁၃	တောမီးလောင်ခြင်း	Â			Â		
၁၄	မြစ်ကမ်းပါးပြိုခြင်း	Â			Â		
၁၅	ကမ်းရိုးတန်းတိုက်စားမှု	Â			Â		
၁၆	မြေပြိုခြင်း	Â			Â		
	လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁၇	စားနပ်ရိက္ခာမဖူလုံမှု	Â			Â		
၁၈	သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ)	Â			Â		
၁၉	မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း	Â			Â		
၂၀	သစ်တောပြုန်းတီးခြင်း		Â			Â	
၂၁	၄က်ဖျားရောဂါ		Â			Â	
၂၂	တီဘီရောဂါ	Â			Â		
၂၃	ကိုယ်ခံအားကျဆင်းမှုရောဂါ	Â			Â		
၂၄	ကပ်ရောဂါ	Â			Â		
၂၅	ပြည်တွင်းပဋိပက္ခ	Â			Â		
၂၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု	Â			Â		
၂၇	လူကုန်ကူးခြင်း	Â			Â		
၂၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းစသည်		Â			Â	

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။

မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊မိုးခေါင်ခြင်း စသည့်

အခြေအနေများဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ-

အိမ်ထောင်စု၁၀၀တွင် ၂၅အိမ်ထောင်စုအောက် – နိမ့်

အိမ်ထောင်စု၁၀၀ တွင် ၂၅ မှ ၅၀အိမ်ထောင်စု – လတ်၊

အိမ်ထောင်စု၁၀၀တွင်၅၀အိမ်ထောင်စုအထက် – မြင့်)

လေ့လာတွေ့ရှိချက်။ ။ ။ ကျေးရွာတွင်း စားနပ်ရိက္ခာမဖူလုံမှု အနည်းငယ်သာလျှင်ရှိပါသည်။ ဆန်အတွက်မပူရဘဲ အခြားအပြင်မှဝယ်ယူရသော စားသောက်ကုန်ပစ္စည်းများသာလျှင် ငွေရေးကြေးရေးအခက်အခဲရှိနိုင်ပါသည်။ ကျွန်တော်တို့မန်ကုန်းကျေးရွာတွင် သစ်ပင်များခုတ်ထွင်မှုရှိသဖြင့် သစ်တောပြုန်းတီးမှုများရှိပါသည်။ ထို့ကြောင့် တစ်ခါတစ်ရံ မိုးခေါင်ပြီးတစ်ခါတစ်ရံမိုးရေကြီးမှုများ ဖြစ်ပွားပါသည်။ ကျေးရွာတွင် မိုးရာသီ၌ ငှက်ဖျားရောဂါနှင့် **ဝမ်းပျက်ဝမ်းလျှောရောဂါ အနည်းငယ်ဖြစ်ပွား**ပါသည်။

(c-၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	လူငယ်			Â	Â		
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့် အိမ်ထောင်စု		Â			Â	
၃	ဆင်းရဲသားတောင်သူ	Â			Â		
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာ ကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင် နေထိုင်သူ	Â			Â		
၅	ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ	Â			Â		
၆	မတော်တဆမှုဖြစ်နိုင်ချေများသောနေရာတွင်နေထိုင်သူများ		Â			Â	
၇	ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ (IDP)		Â			Â	
၈	မြေနိမ့်ပိုင်းနေထိုင်သူများ		Â			Â	
၉	ငါးကန်ပိုင်ရှင်များ		Â			Â	

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ		Â		Â		
၁၁	လူနည်းစုလူမျိုးများ	Â			Â		
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ		Â			Â	
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ		Â			Â	
၁၄	ရွှေတွင်းလုပ်သားများ		Â			Â	
၁၅	လှည့်လည်သွားလာ၍စျေးရောင်းသူများ		Â			Â	
၁၆	နေရပ်ပြန်အခြေချသူများ		Â			Â	
၁၇	ရွှေ့ပြောင်းလုပ်သားများ		Â			Â	
၁၈	ကားမောင်းပြီးအသက်မွေးသူများ		Â			Â	

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။ ။ကျေးရွာရှိလူငယ်များ၊ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများစသည်တို့သည် မည်သို့သော အခြေအနေများတွင် လွယ်လွယ်ကူကူထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါကမည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။ မန်ကုန်းကျေးရွာတွင် မျူးယစ်ဆေးဝါးသုံးစွဲသူ လူငယ်များပြားပြီး အလွန်အန္တရာယ်ရှိနိုင်ပါသည်။ ကျေးရွာတွင် လက်လုပ်လက်စားကျပန်းများလည်းပေါများပြီး အလုပ်အကိုင်အခွင့်အလမ်းရှားပါးပါသည်။

(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က-၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၁	သူကြီးအဖွဲ့	၁☑၂☐၃☐	၇		၇	ပညာရေး☑ငွေကြေး☑ကျန်းမာရေး☑ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☑	ကောင်း☑ သင့်☐ ညံ့☐
၂	ရပ်မိရပ်ဖအဖွဲ့	၁☐၂☑၃☐	၅	၂	၇	ပညာရေး☐ငွေကြေး☑ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☑ သင့်☐ ညံ့☐
၃	ကျောင်းကော်မတီအဖွဲ့	၁☐၂☑၃☐	၄		၄	ပညာရေး☑ငွေကြေး☐ကျန်းမာရေး☑ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☑ သင့်☐ ညံ့☐
၄	လူပျိုခေါင်းအဖွဲ့	၁☐၂☑၃☐	၁၀		၁၀	ပညာရေး☐ငွေကြေး☐ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☑	ကောင်း☑ သင့်☐ ညံ့☐
၅	အပျိုခေါင်းအဖွဲ့	၁☐၂☑၃☐		၁၀	၁၀	ပညာရေး☐ငွေကြေး☐ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☑	ကောင်း☑ သင့်☐ ညံ့☐
၆	လူငယ်အဖွဲ့	၁☐၂☑၃☐	၁၀	၈	၁၈	ပညာရေး☐ငွေကြေး☐ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☑ သင့်☐ ညံ့☐

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု။

အုပ်စုအမျိုးအစား

(၁) **စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ငွေစုငွေချေးအဖွဲ့စသည့်။**

(၂) **လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့။**

(၃) **ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။**

လေ့လာတွေ့ရှိချက်။ ။ မန်ကုန်းကျေးရွာတွင် သူကြီးအဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့၊ ကျောင်းကော်မတီအဖွဲ့၊ လူပျိုခေါင်းအဖွဲ့ ၊ အပျိုခေါင်းအဖွဲ့နှင့်လူငယ်အဖွဲ့ဟူ၍ အဖွဲ့(၆)ဖွဲ့ရှိပါသည်။ ၎င်းအဖွဲ့များသည် ကျေးရွာ၏ သာရေး/နာရေး၊ လူမှုရေး ကိစ္စရပ်များတွင် တတ်ကြွစွာဆောင်ရွက်ကြပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	**အမည်**	**အဖွဲ့အစည်းအမျိုးအစား**(မှန်ရာတစ်ခုကိုသာရွေးရန်)	**အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ်**(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	ဝုန်းမေတ္တာအဖွဲ့	၁□၂☑၃□၄□၅□၆□၇□	**ပညာရေး□ငွေကြေး☑** **ကျန်းမာရေး□ဘာသာရေး□** **စိုက်ပျိုးမွေးမြူရေး□** **သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□**

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။

(၁) **ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း** (ပြည်တွင်း/ ပြည်ပ) (**ဥပမာ –ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊** Christian Aid Missions **စသည်**)

(၂) **အစိုးရမဟုတ်သောအဖွဲ့အစည်း** (ပြည်တွင်း/ပြည်ပ) (**ဥပမာ** – Care International, Save the Children, Gret, Pact Myanmar **စသည်**)

(၃) **အရပ်ဘက်လူမှုအဖွဲ့အစည်း**

(၄) **နိုင်ငံအများ၏ရန်ပုံငွေဖြင့် ဆောင်ရွက်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ**(**ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်**)

(၅) **နိုင်ငံတစ်ခု၏ရန်ပုံငွေဖြင့်ဖွဲ့စည်းထားသောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ** (**ဥပမာ** GIZ, UKAid, USAid, **စသည်**)

(၆) **ပရဟိတအဖွဲ့** (ပြည်တွင်း/ ပြည်ပ)

(၇) **ပုဂ္ဂလိကအဖွဲ့အစည်းများ**

နိုင်ငံတော်မှဒေသအကျိုး၊ပြည်သူ့အကျိုးကိုထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာဥပဒေ၊နည်းဥပဒေ၊လမ်းညွှန်ချက်များဖြင့်ပြဋ္ဌာန်းကာဖွဲ့စည်းပေးထားနေသောအဖွဲ့အစည်း၊အသင်းအဖွဲ့များ (**ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏မြစိမ်းရောင်စသည်**) **တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်းမပြုပါရန်။**

လေ့လာတွေ့ရှိချက်။ ။ ဝုန်းမေတ္တာအဖွဲ့အစည်းမှာ သာရေး၊နာရေးနှင့် ကျေးရွာတွင်းရှိ ရွာသူ/ရွာသားများအား တစ်ပိုင်တစ်နိုင် ငွေစုငွေချေးလုပ်ငန်းကို လုပ်ဆောင်ကြပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှုအရွယ်အစား (မြေပိုင်ဆိုင်သည့်အိမ်ထောင်စုများ)

ဇယား (၁၃) စိုက်ပျိုးမြေပိုင်ဆိုင်မှု

